အတွဲ – ၁၊ အမှတ်–၂၊ ၂၀၂၁ ခုနှစ်၊ စက်တင်ဘာလ။

MPRL E&P Pte Ltd.

မန်းရေနံမြေဒေသဖွံ့ဖြိုးရေး
CSR လုပ်ငန်းဆောင်ရွက်ချက်များ

# တို့မန်းမြေ သတင်းလွှာ



## နေကြာမျိုးစေ့ထုတ်လုပ်မှုပဏာမခြေလှမ်းဖြင့် တောင်သူသင်တန်းကျောင်းအစီအစဉ်စတင်

မန်းရေနံမြေမှ တောင်သူဦးကြီးများ စိုက်ပျိုးရေးဆိုင်ရာ နည်းပညာသစ်များကို နားလည်တတ်ကျွမ်းစေရန်နှင့် ဒေသခံများ၏ စိုက်ပျိုးရေးဆိုင်ရာ အခက်အခဲများကို တစ်ဖက်တစ်လမ်းမှ ကူညီဖြေရှင်းပေးနိုင်ရန် ရည်ရွယ်သော တောင်သူသင်တန်းကျောင်းအစီအစဉ် (Farmer Field School – FFS) သည် ၂၀၂၁ ခုနှစ် စက်တင်ဘာလတွင် နေကြာမျိုးစေ့ထုတ်လုပ်ခြင်းဖြင့် ပထမခြေလှမ်းစတင်နိုင်ခဲ့ပြီဖြစ်ပါသည်။

MPRL E&P ကုမ္ပဏီ၏ CSR ဌာနမှ တာဝန်ရှိသူများသည် ၂၀၂၁ ခုနှစ် ဇွန်လတွင် စိုက်ပျိုးရေးဦးစီးဌာန (မင်းဘူး) သို့ သွားရောက်၍ မြို့နယ်ဦးစီးမှူးနှင့်တွေ့ဆုံပြီး မန်းရေနံမြေဒေသမှ တောင်သူများ၏ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ ပိုမိုတိုးတက်ကောင်းမွန်စေမည့် တောင်သူသင်တန်းကျောင်း (Farmer Field School – FFS) အစီအစဉ်အတွက် ပူးပေါင်းဆောင်ရွက်ရန် ဆွေးနွေးခဲ့ပါသည်။

တောင်သူသင်တန်းကျောင်းစီမံကိန်းအတွက် စိုက်ပျိုးရေးဦးစီးဌာန (မင်းဘူး)နှင့် MPRL E&P CSR အစီအစဉ်တို့အကြား ပူးပေါင်းဆောင်ရွက်မည့် အခြေအနေများအပြင် ယင်းစီမံကိန်းအောက်တွင် နေကြာမျိုးစေ့ထုတ်လုပ်ခြင်း၊ ပိုးမွှားနှိမ်နင်းခြင်းနှင့် သဘာဝမြေဩဇာထုတ်လုပ်ခြင်း လုပ်ငန်းသုံးရပ်ကို ဦးစားပေးဆောင်ရွက်ရန်လည်း ဆွေးနွေးခဲ့ပါသည်။

ဆွေးနွေးမှုများပြီးနောက်တွင် စိုက်ပျိုးရေးဦးစီးဌာန (မင်းဘူး) မှ ကြီးကြပ်ကွင်းဆင်းတာဝန်ခံများသည် နေကြာမျိုးစေ့ထုတ်လုပ်မှုအစီအစဉ်အတွက် ကျွဲချကျေးရွာသို့ သွားရောက်၍ စိုက်ပျိုးမြေလေ့လာဆန်းစစ်ခြင်းများ ပြုလုပ်ခဲ့ပါသည်။

ထို့နောက် ကျွဲချကျေးရွာနေ တောင်သူဦးသိန်းနိုင်၏ ယာမြေ၌ နေကြာမျိုးစေ့စမ်းသပ်ထုတ်လုပ်ရန် ထွန်ယက်ပျိုးကြဲခြင်းဖြင့် တောင်သူသင်တန်းကျောင်း အစီအစဉ်၏ ပဏာမခြေလှမ်းကို ၂၀၂၁ ခုနှစ် စက်တင်ဘာလတွင် စတင်အကောင်အထည်ဖော်ခဲ့ပါသည်။

စာမျက်နှာ-၅ ➤



## မန်းဒေသမွေးမြူရေးကဏ္ဍကို မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနနှင့် ပူးပေါင်းပံ့ပိုး

မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန၏ ရည်မှန်းချက်ပန်းတိုင်များနှင့် လုပ်ငန်းစဉ်များတွင် တိရစ္ဆာန်ရောဂါ ကြိုတင်ကာကွယ်ခြင်း၊ ကူးစက်ရောဂါထိန်းချုပ်ရေး လုပ်ငန်းများ တိုးချဲ့ဆောင်ရွက်ခြင်း၊ စားကျက်မြေများ ထိန်းသိမ်းခြင်းနှင့် တိုးချဲ့ဖော်ထုတ်ခြင်းများ ပါဝင်သည်ဖြစ်ရာ MPRL E&P ကုမ္ပဏီ၏ CSR အစီအစဉ်သည် မန်းရေနံမြေမှ ဒေသခံတောင်သူများ၏ တိရိစ္ဆာန်မွေးမြူရေးနှင့် ကုသရေးလိုအပ်ချက်များကို ဖြည့်တင်းပံ့ပိုးပေးနိုင်ရန် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန (မင်းဘူး)နှင့် ချိတ်ဆက်၍ ကူညီပေးလျက်ရှိပါသည်။





မန်းရေနံမြေထိစပ်ကျေးရွာများရှိ ဒေသခံများ၏ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ ပိုမိုအဆင်ပြေချောမွေ့စေရန် ရည်ရွယ်သော MPRL E&P ကုမ္ပဏီသည် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန (မင်းဘူး) မှ ကြီးကြပ်ဆောင်ရွက်သည့် မန်းရေနံမြေဒေသရှိ ကျွဲ၊ နွားတိရစ္ဆာန်များကို ကာကွယ်ဆေးထိုးခြင်း၊ ကြက်များကို မျက်စဉ်းခတ်ခြင်းနှင့်တိရစ္ဆာန်အစာဖြစ်သော (Napier) နေပီယာ စံပြမြက်မျိုးများ ပံ့ပိုးခြင်းစသည့် လုပ်ငန်းများကို ၂၀၂၁-၂၀၂၂ Contract Year ဒုတိယသုံးလပတ်ကာလအတွင်း ချိတ်ဆက်ဆောင်ရွက်ပေးခဲ့ပါသည်။

ယင်းသို့ဆောင်ရွက်ရာ၌ မိုးရာသီကာလ ရာသီဥတုအပြောင်းအလဲတွင် ကျွဲ၊ နွားများ၌ ဖြစ်ပွားတတ်သည့် ပေါင်ပုပ်၊ လက်ပုပ်ရောဂါ ကူးစက်ပြန့်ပွားမှုမှ ကာကွယ်ရန်အတွက် မယ်ဘော့ကုန်း၊ ကျွဲချ၊ ချင်တောင်နှင့် မန်းကျိုးကျေးရွာများရှိ နွားကောင်ရေစုစုပေါင်း (၃၁၀) ကောင်ကို ၂၀၂၁ ခုနှစ် ဩဂုတ်လအတွင်း ကာကွယ်ဆေးထိုးနှံပေးခဲ့ပြီး ဖြစ်ပါသည်။

စာမျက်နှာ-၅ ➤

# ဒေသတွင်းစာသင်ကျောင်းအဆောက်အဦများနှင့် ကျောင်းသုံးပရိဘောဂများ တိုးတက်ဖွံ့ဖြိုးရေး ကြိုးပမ်းဆောင်ရွက်




MPRL E&P ကုမ္ပဏီသည် မိမိတို့လုပ်ငန်းလုပ်ကိုင်ရာ မန်းရေနံမြေဒေသ စည်ပင်သာယာဖွံ့ဖြိုးတိုးတက်ရေးကို အစဉ်အလေးအနက်ထားသောလုပ်ငန်း ဖြစ်သည်နှင့်အညီ လူမှုတာဝန်သိစိတ်ကိုအခြေပြု၍ ဒေသဖွံ့ဖြိုးတိုးတက်ရေး ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများကို ဘဏ္ဍာရေးနှစ်အလိုက် ဦးစားပေးအဆင့်သတ်မှတ်ချက်များချမှတ်ကာ အားသွန်ခွန်စိုက် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါသည်။

၂၀၂၁-၂၀၂၂ Contract Year ဒုတိယသုံးလပတ် ကာလအတွင်း မန်းရေနံမြေဒေသဖွံ့ဖြိုးတိုးတက်ရေး ရင်းနှီးမြှုပ်နှံမှုအစီအစဉ်တစ်စိတ်တစ်ပိုင်းအနေဖြင့် MPRL E&P ၏ လူမှုတာဝန်သိလုပ်ငန်း (CSR) အစီအစဉ်သည် မန်းကျိုးကျေးရွာ၊ ကြာကန်ကျေးရွာနှင့် နန်းဦးကျေးရွာများ၌ အခြေခံအဆောက်အဦဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို သက်ဆိုင်ရာတာဝန်ရှိ ပုဂ္ဂိုလ်များ၊ အဖွဲ့အစည်းများနှင့် ဆွေးနွေးတိုင်ပင်ပြီး အောင်မြင်စွာ ပြီးစီးဆောင်ရွက်ခဲ့ပါသည်။

MPRL E&P CSR အစီအစဉ်မှ တာဝန်ရှိသူများသည် မန်းကျိုးကျေးရွာ အခြေခံပညာအလယ်တန်းကျောင်းအတွက် စာသင်ကျောင်းအဝင်မုဒ်ဦးနှင့် ဆွဲတံခါးဆောက်လုပ်လှူဒါန်းခြင်းကိစ္စရပ်များကို ကျေးရွာအုပ်ချုပ်ရေးမှူး၊ ကျေးရွာဖွံ့ဖြိုးရေး၊ ကျောင်းကော်မတီအဖွဲ့ဝင်များနှင့် ၂၀၂၁ ခုနှစ် ဇူလိုင်လတွင် တွေ့ဆုံဆွေးနွေးတိုင်ပင်ခဲ့ပါသည်။








မန်းကျိုးကျေးရွာ အခြေခံပညာအလယ်တန်းကျောင်း၌ လိုအပ်လျက်ရှိသော စာသင်ကျောင်းအဝင်မုဒ်ဦးနှင့် ဆွဲတံခါးဆောက်လုပ်ရန် MPRL E&P CSR အစီအစဉ်မှ စုစုပေါင်းအလှူငွေ (၁,၇၀၀,၀၀၀ိ/-) ကျပ် ပံ့ပိုးပြီး ကျေးရွာမှ အလှူငွေ (၁၀၀,၀၀၀ိ/-) ကျပ် ပူးပေါင်းထည့်ဝင်ခဲ့ရာ ၂၀၂၁ ခုနှစ် ဩဂုတ်လ (၂၇) ရက်တွင် စီမံကိန်းပြီးစီးအောင်မြင်ခဲ့ပါသည်။







အလားတူ ကြာကန်ကျေးရွာ အခြေခံပညာအလယ်တန်းကျောင်းတွင် လိုအပ်လျက်ရှိသော ကျောင်းပရိဘောဂပစ္စည်းများ ပံ့ပိုးနိုင်ရန်အတွက် ကျောင်းအုပ်ဆရာမကြီး၊ ကျောင်းဖွံ့ဖြိုးရေးကော်မတီအဖွဲ့ဝင်များနှင့် ၂၀၂၁ ခုနှစ် စက်တင်ဘာလတွင်တွေ့ဆုံ၍ ကျောင်းအတွက်လိုအပ်သော ပရိဘောဂပုံစံနှင့် အရွယ်အစားကို အတည်ပြုချက်ရယူကာ စုစုပေါင်းတန်ဖိုးငွေ (၁,၀၆၅,၀၀၀ိ/-) ကျပ်ရှိသော အလျား ၆' x အနံ ၃' ကျွန်းဗီဒို (၂) လုံး၊ အလျား ၄' x အနံ ၄' မှန်ဗီဒို (၂) လုံးနှင့် အလျား ၄' x အနံ ၃' စာအုပ်စင် (၂) ခု ကို MPRL E&P ၏ CSR အစီအစဉ်ဖြင့် ပံ့ပိုးလှူဒါန်းခဲ့ပါသည်။



ဆက်လက်၍ပင် အဆိုပါ ကြာကန်ကျေးရွာ အလယ်တန်းကျောင်းရှိ (အလျား ၅၀' x အနံ ၂၅'၊ သွပ်မိုး၊ အုတ်ညှပ်၊ တမံသလင်း) အဆောက်အဦးကို မျက်နှာကျက်များ တပ်ဆင်ခြင်း၊ ပျက်စီးနေသောကြမ်းခင်းများ၊ ပြတင်းပေါက်များ၊ ဝရန်တာလက်ရန်းများနှင့် အခြားသောလိုအပ်ချက်များကို ဖြည့်စွက်ပြင်ဆင်ခြင်းများ ပံ့ပိုးဆောင်ရွက်ပေးနိုင်ရန် MPRL E&P ကုမ္ပဏီမှ Special Project Team အဖွဲ့သည် ၂၀၂၁ ခုနှစ် စက်တင်ဘာလတွင် ကျောင်းသို့ကွင်းဆင်းလေ့လာ ဆန်းစစ်ခြင်းများပြုလုပ်ခဲ့ပြီးနောက် ယခုအခါတွင် ကုန်ကျစရိတ်တွက်ချက်ခြင်းများ လုပ်ဆောင်နေပြီဖြစ်ပါသည်။ ထို့အပြင် လေးအိမ်တန်းကျေးရွာ အခြေခံပညာအလယ်တန်းကျောင်း ပင်မဆောင်အမိုးနှင့် မျက်နှာကျက်များ ပြင်ဆင်နိုင်ရန်အတွက်လည်း ကျောင်းသို့ကွင်းဆင်းလေ့လာဆန်းစစ်ခြင်းများ ပြုလုပ်ခဲ့ပါသည်။ ■


ကြာကန်ကျေးရွာစာသင်ကျောင်းမျက်နှာကျက်တပ်ဆင်ရန်နှင့် ကြမ်းခင်းပြုပြင်ရန် ကွင်းဆင်းလေ့လာစစ်ဆေးခြင်း

# နန်းဦးတွင် ကွန်ကရစ်လမ်းခင်းခြင်းနှင့် အုတ်ရေမြောင်းဖောက်လုပ်ခြင်း ဆောင်ရွက်ပြီးစီး



MPRL E&P ကုမ္ပဏီ၏ မန်းရေနံမြေဒေသတွင်း ကျေးရွာ အခြေခံအဆောက်အဦများ ဖွံ့ဖြိုးတိုးတက်စေရေးလုပ်ငန်း အစီအစဉ်တစ်စိတ်တစ်ပိုင်းအဖြစ် နန်းဦးကျေးရွာ၌ ရေဝပ်၍ပျက်စီးနေသောကျေးရွာလမ်းကို ပြုပြင်ခြင်းနှင့် အုတ်ရေမြောင်းဖောက်လုပ်ခြင်းများ ဆောင်ရွက်နိုင်ရန် ကွင်းဆင်းလေ့လာကြည့်ရှုခြင်း၊ သက်ဆိုင်ရာလူပုဂ္ဂိုလ်များနှင့် ဆွေးနွေးညှိနှိုင်းခြင်း၊ လိုအပ်သည့်ခွင့်ပြုချက်များ ရယူခြင်းနှင့် ကုန်ကျစရိတ် ခန့်မှန်းတွက်ချက်ခြင်းများ ပြုလုပ်ခဲ့ပါသည်။










ယင်းသို့စီစဉ်ဆောင်ရွက်မှုများ ပြီးနောက်တွင် နန်းဦးကျေးရွာ၌ အကျယ်အဝန်း အလျား ၅၀’ x အနံ ၁၀’ ရှိ လမ်းကို ကွန်ကရစ်ခင်းခြင်းနှင့် အရှည် ၁၅’ x အကျယ် ၈” ရှိ အုတ်ရေမြောင်းဖောက်လုပ်ခြင်းတို့ကို MPRL E&P ၏ CSR အစီအစဉ်မှ စုစုပေါင်းအလှူငွေ (၁,၄၅၀,၀၀၀/-) ကျပ် ပံ့ပိုးပြီး ကျေးရွာမှ အလှူငွေ (၃၁၃,၀၀၀/-) ကျပ် ထည့်ဝင်ခဲ့ရာ ၂၀၂၁ ခုနှစ် စက်တင်ဘာလကုန်တွင် လုပ်ငန်းအောင်မြင် ပြီးစီးခဲ့ပါသည်။ ■








# ဥယျာဉ်ခြံစိုက်တောင်သူကော်မတီမှတစ်ဆင့် စိုက်ပျိုးရေးဆိုင်ရာအကူအညီများပေးအပ်

*MPRL E&P ၏ CSR အစီအစဉ်သည် မန်းရေနံမြေဒေသခံတောင်သူများအတွက် စိုက်ပျိုးရေးကဏ္ဍပံ့ပိုးမှုများအနေဖြင့် မန်းရေနံမြေဒေသ ရာသီဥတုနှင့် လိုက်လျောညီထွေဖြစ်မည့် သီးနှံများကို တိုးတက်ထုတ်လုပ်နိုင်ရေးအတွက် မင်းဘူးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနအပြင် အခြားသော ပြင်ပအဖွဲ့အစည်းများနှင့် ပူးပေါင်း၍လည်း စိုက်ပျိုးရေးအသိပညာများ မြှင့်တင်ပေးလျက်ရှိပါသည်။*





၂၀၂၁-၂၀၂၂ Contract Year ပထမသုံးလပတ်ကာလအတွင်း CSR အစီအစဉ်၏ ကူညီပံ့ပိုးမှုဖြင့် အောင်မြင်စွာဖွဲ့စည်းနိုင်ခဲ့သည့် ဥယျာဉ်ခြံစိုက်တောင်သူကော်မတီ (Horticulture Farmer Committee) သည် မန်းကျိုး၊ ကျွဲချနှင့် ချင်တောင်ကျေးရွာများမှ ခရမ်းချဉ်နှင့် ငရုတ်စိုက်တောင်သူ (၁၇) ဦးအတွက် လိုအပ်သော စိုက်ပျိုးရေးရင်းမြစ်များဖြစ်သည့် မျိုးစေ့နှင့် အစိုဓာတ်ထိန်းပလပ်စတစ်များကို ဒုတိယပတ်ကာလတွင် ပေးအပ်ခဲ့ပါသည်။



ဥယျာဉ်ခြံစိုက်တောင်သူကော်မတီသည် မျိုးစေ့များ၏ အပင်ပေါက်နှုန်း၊ အပွင့်အသီးတင်နှုန်းနှင့် ခူးဆွတ်ရရှိမှု အခြေအနေများကို စဉ်ဆက်မပြတ် ကွင်းဆင်းလေ့လာစောင့်ကြည့်လျက်ရှိသည့်အပြင် တောင်သူများလိုအပ်သော မှိုသတ်ဆေးများ ဆက်သွယ်ဝယ်ယူပေးခြင်း၊ အကြံဉာဏ်ပေးခြင်း စသည့် ပံ့ပိုးမှုများလည်း ဆောင်ရွက်လျက်ရှိပါသည်။

ထို့အပြင် ဒုတိယသုံးလပတ်ကာလအတွင်း စိုက်ပျိုးရေးကဏ္ဍ ပံ့ပိုးမှုများအနေဖြင့် ခရမ်းချဉ်၊ ငရုတ်၊ မတ်ပဲ၊ ပဲတီစိမ်း၊ ပဲကြီး၊ ပဲနောက်၊ မာလကာ၊ သရက်၊ စံပယ်၊ နှင်းဆီ အစရှိသော သီးနှံပင်နှင့် ပန်းပင်များစိုက်ပျိုးသည့် တောင်သူများအတွက် သဘာဝအပင်အားဆေးဖြစ်သော ငါးအမိုင်နိုရွက်ဖျန်းအားဆေးရည် (Fish Amino Acid) လက်တွေ့ပြုလုပ်နည်းသင်တန်းကို CSR ဌာန၏ Community Liaison ဦးဝင်းကိုမှ ပို့ချပေးခဲ့ပါသည်။

စနစ်တကျသုံးစွဲပါက စိုက်ပျိုးပင်များအတွက်ကောင်းကျိုးများရရှိစေသည့်အပြင် ပတ်ဝန်းကျင်ကို ထိခိုက်မှုမရှိသော သဘာဝရွက်ဖျန်းအားဆေးရည် လက်တွေ့ပြုလုပ်နည်းသင်တန်းကို မန်းကျိုးကျေးရွာနှင့် ကျွဲချကျေးရွာများတွင် တစ်ကြိမ်စီပြုလုပ်ခဲ့ရာ အဆိုပါသင်တန်းသို့ စိတ်ပါဝင်စားသူတောင်သူ စုစုပေါင်း (၃၇) ဦး တက်ရောက်ခဲ့ပါသည်။ သင်ကြားပို့ချသော သင်တန်းနည်းပညာဖြင့် ထုတ်လုပ်သည့် သဘာဝရွက်ဖျန်းအားဆေးရည် တစ်လီတာဘူးတစ်ဘူးလျှင် နှစ်ထောင်ကျပ်နှုန်းဖြင့် ဥယျာဉ်ခြံစိုက်တောင်သူကော်မတီမှတစ်ဆင့် ပြန်လည်ရောင်းချပေးသည့် အစီအစဉ်ကိုလည်း ပံ့ပိုးဆောင်ရွက်လျက်ပါသည်။ ■













မျက်နှာဖုံးမှ အဆက် ➤

နေကြာမျိုးစေ့ထုတ်လုပ်ခြင်းလုပ်ငန်းမှ ဒေသခံများအနေဖြင့် အရည်အသွေးကောင်းမွန်သော နေကြာမျိုးစေ့များကို ကိုယ်တိုင်စိုက်ပျိုးထုတ်လုပ်နိုင်ခြင်းနှင့် ဒေသအတွက် လိုအပ်သည့် နေကြာမျိုးစေ့များကို ဈေးနှုန်းသက်သာစွာဖြင့် ဝယ်ယူရရှိနိုင်ရန်လည်း မျှော်မှန်းထားပါသည်။





အဆိုပါစီမံကိန်းတွင် စိုက်ပျိုးရေးဦးစီးဌာန (မင်းဘူး)မှ နေကြာအဖို၊ အမမျိုးစေ့များ ထောက်ပံ့ခြင်း၊ စီမံကိန်းဖွံ့ဖြိုးတိုးတက်မှုအခြေအနေများကို အပတ်စဉ်ကွင်းဆင်းလေ့လာမှုများပြုလုပ်၍ လိုအပ်သည်များကို အကြံဉာဏ်ပေးခြင်းများ ဆောင်ရွက်လျက်ရှိပါသည်။ ထို့အတူ အဆိုပါစီမံကိန်းကို ပူးပေါင်းဆောင်ရွက်သည့် MPRL E&P ၏ CSR အစီအစဉ်အနေဖြင့်လည်း တောင်သူများနှင့် စိုက်ပျိုးရေးဦးစီးဌာနအကြား ချိတ်ဆက်ပံ့ပိုးခြင်း၊ တောင်သူများ၏ မြေယာထွန်ယက်ခြင်း၊ မြေညှိခြင်းကိစ္စရပ်များတွင် ပံ့ပိုးကူညီခြင်းများကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။ ■





မျက်နှာဖုံးမှ အဆက် ➤

အလားတူ ဒေသခံများမွေးမြူထားသော ကြက်များတွင် လည်လိမ်ရောဂါဖြစ်ပွားမှုမှ ကာကွယ်နိုင်ရေးအတွက် ဒေသတွင်းရှိ ကြက်အကောင်ရေကို စာရင်းကောက်ယူ၍ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန (မင်းဘူး)သို့ စာရင်းပေးပို့တင်ပြခြင်းနှင့် ဌာနဆိုင်ရာတာဝန်ရှိပုဂ္ဂိုလ်များ၏ ကြက်မျက်စဉ်းဆေးခတ်သည့် လုပ်ငန်းစဉ်တွင် ဒေသခံများနှင့် ချိတ်ဆက်ပေးခြင်းများ ပြုလုပ်ခဲ့ပါသည်။ ကြက်မျက်စဉ်းဆေးခတ်ခြင်းကို ကုသရေးဦးစီးဌာန (မင်းဘူး) တာဝန်ရှိသူများမှ လက်တွေ့သရုပ်ပြပေးခဲ့ပြီး ဒေသရှိကြက်များ မျက်စဉ်းဆေးခတ်ပေးခြင်းလုပ်ငန်းစဉ်ကို ဆက်လက်ဆောင်ရွက်လျက်ရှိပါသည်။

MPRL E&P ကုမ္ပဏီ၏ CSR အဖွဲ့သည် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန (မင်းဘူး)မှပံ့ပိုးမည့် နေပီယာ မြက်မျိုးကို စိုက်ပျိုးရန်စိတ်ဝင်စားသည့် တောင်သူများထံ ဆက်သွယ်သတင်းပေးခြင်း၊ စိုက်ပျိုးမည့်စာရင်းကောက်ယူခြင်း၊ စာရင်းကို မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနသို့ ပို့ပေးခြင်း၊ တောင်သူများကို ဦးစီးမှူးနှင့်တွေ့ဆုံစေ၍ နေပီယာမြက်မျိုးစိုက်ပျိုးနည်းစနစ်များ လေ့လာစေခြင်း၊ နေပီယာမြက်မျိုးပင်စည်ပေါင်း (၁၃,၀၀၀) ကျော်ရယူခြင်းနှင့် တောင်သူ (၁၁) ဦးသို့ စိုက်ဧက (၄) ဧကစာ မျိုးပင်စည်များ ဖြန့်ဝေခြင်းတို့ကို ဆောင်ရွက်ပေးခဲ့ပါသည်။ ■

















# စွမ်းရည်မြှင့်တင်ခြင်း အစီအစဉ်မှ သင်တန်းသူ လုပ်ငန်းခွင်ဝင်





MPRL E&P ကုမ္ပဏီသည် မန်းရေနံမြေထိစပ်ကျေးရွာများမှ ဒေသခံများ၏ အသက်မွေးဝမ်းကြောင်း လုပ်ငန်းများ တိုးတက်စေရန်နှင့် အလုပ်အကိုင်အခွင့်အလမ်းကောင်းများ ရရှိစေရန် စွမ်းရည်မြှင့်တင်ခြင်းအစီအစဉ်များကို လူမှုတာဝန်သိလုပ်ငန်းအစီအစဉ်တစ်ရပ်အဖြစ် အလေးထား ဆောင်ရွက်လျက်ရှိပါသည်။ ယခုအစီရင်ခံစာတင်ပြသည့် ဒုတိယသုံးလပတ်ကာလအတွင်းတွင် လက်ပံတောကျေးရွာမှ သင်တန်းသူ မလှဝတ်ရည်လွင်သည် အိမ်အရောက် လူနာပြုစောင့်ရှောက်ပေးသည့် သူနာပြုတစ်ဦးအဖြစ် လုပ်ငန်းခွင်သို့ ဝင်ရောက်ခဲ့ပြီဖြစ်ပါသည်။

မလှဝတ်ရည်လွင်သည် MPRL E&P CSR အစီအစဉ်၏ ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ်အတွင်း မန်းရေနံမြေဒေသခံများအတွက် စွမ်းရည်မြှင့်တင်ခြင်းအစီအစဉ် ကူညီပံ့ပိုးမှုဖြင့် ဧရာဝတီကျန်းမာရေးအထောက်ကူပြု သင်တန်းကျောင်း (Ayeyarwaddy Training Centre – ATC) ၌ သူနာပြုအကူ သင်တန်းတက်ရောက်ခဲ့ပြီး အလုပ်အကိုင်ရရှိခဲ့ခြင်း ဖြစ်ပါသည်။ လက်ရှိကာလအတွင်း စွမ်းရည်မြှင့်တင်ခြင်း အစီအစဉ်များကို ခေတ္တရပ်နားထားသော်လည်း အသက်မွေးမှု အတတ်ပညာသင်တန်းကျောင်းများ ပြန်လည်ဖွင့်လှစ်လျှင် မန်းရေနံမြေမှဒေသခံများ သင်တန်းတက်ရောက်နိုင်စေရန် MPRL E&P CSR ဌာနမှ သင်တန်းကျောင်းများသို့ စုံစမ်းဆက်သွယ်ထားပြီးဖြစ်ပါသည်။ ■











# ကိုဗစ်-၁၉ ရောဂါ ကာကွယ်တားဆီးရေးအသိပညာပေးခြင်းနှင့် ဆေးဘက်ဆိုင်ရာကာကွယ်ရေးပစ္စည်းများလှူဒါန်းခြင်း

ကမ္ဘာတစ်ဝှမ်းတွင် ကိုဗစ်-၁၉ ကူးစက်မြန်ကပ်ရောဂါ အန္တရာယ်နှင့် ရင်ဆိုင်နေရဆဲဖြစ်သကဲ့သို့ ပြည်တွင်း၌လည်း ရောဂါကူးစက်မှုနှုန်းများ မြင့်တက်လျက်ရှိသောကြောင့် MPRL E&P ကုမ္ပဏီသည် မိမိတို့လုပ်ငန်းနှင့် နီးနွယ်သော မန်းရေနံမြေဒေသ၌ ကိုဗစ်-၁၉ ကူးစက်မြန်ကပ်ရောဂါ ပျံ့နှံ့မှု တားဆီးလျှော့ချနိုင်ရန် ကျန်းမာရေးအသိပညာပေးခြင်းနှင့် ဆေးဘက်ဆိုင်ရာကာကွယ်ရေးပစ္စည်းများ ထောက်ပံ့လှူဒါန်းခြင်းကို ၂၀၂၁-၂၀၂၂ Contract Year ဒုတိယသုံးလပတ်ကာလအတွင်း ဆောင်ရွက်ခဲ့ပါသည်။









MPRL E&P ၏ CSR အစီအစဉ်သည် မန်းရေနံမြေထိစပ်ကျေးရွာ (၁၄) ရွာ၌ ကိုဗစ်-၁၉ ကူးစက်မြန်ကပ်ရောဂါပျံ့နှံ့မှု ကာကွယ်တားဆီးနိုင်ရေးအတွက် မင်းဘူးမြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနနှင့် ပူးပေါင်း၍ ကိုဗစ်ကပ်ရောဂါဆိုင်ရာ ကျန်းမာရေးအသိပညာပေးအစီအစဉ်ကို ဇူလိုင်လ (၁၃) ရက်နှင့် (၁၄) ရက်နေ့များတွင် ပြုလုပ်ခဲ့ပါသည်။ အဆိုပါ ကျန်းမာရေးအသိပညာပေးအစီအစဉ်တွင် ပြည်သူ့ကျန်းမာရေးဦးစီးဌာနအပြင် ဒေသခံစေတနာ့ဝန်ထမ်းများလည်း ပူးပေါင်းပါဝင်၍ ကျေးရွာ (၁၄) ရွာ၌ ကျန်းမာရေးအသိပညာပေးလက်ကမ်းစာစောင် အစောင်ရေ (၂,၀၀၀) ဝေငှခြင်း၊ ကျန်းမာရေးအသိပညာပေးပိုစတာ အစောင် (၈၀) ကပ်ခြင်း၊ လက်ဆေးသည့်အလေ့အထနှင့် နည်းစနစ်များ လော်စပီကာမှတစ်ဆင့် အသံလွှင့်အသိပညာပေးခြင်းများ လုပ်ဆောင်ခဲ့ပါသည်။

ထို့အပြင် MPRL E&P သည် မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း (MOGE) ၏ ကိုဗစ်-၁၉ ရောဂါကာကွယ်ထိန်းချုပ်ရေးလုပ်ဆောင်ချက်များကို အားပေးပံ့ပိုးသည့်အနေဖြင့် မန်းရေနံမြေဝန်ထမ်းများအတွက် စုစုပေါင်းတန်ဖိုးငွေ (၂,၃၆၉,၀၀၀/-) ကျပ် တန်ဖိုးရှိသည့် နှာခေါင်းစည်း၊ မျက်နှာကာ၊ သွေးခုန်နှုန်းနှင့် အောက်စီဂျင်တိုင်းစက်၊ လက်ဆေးရည်နှင့် ပိုးသတ်ဆေးရည်များကို ၂၀၂၁ ခုနှစ် စက်တင်ဘာလ (၁၆) ရက်တွင် လှူဒါန်းခဲ့ပါသည်။ ■





လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန
မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း
မန်းရေနံမြေ

M.O.G.E.

## လက်ခံရရှိကြောင်းနှင့် ဂုဏ်ပြုမှတ်တမ်း

လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန၊ မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း မန်းရေနံမြေနှင့် ရေနံအထွက်တိုးရေးလုပ်ငန်းများ အကျိုးတူ ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် MPRL E&P ကုမ္ပဏီမှ မန်းရေနံမြေ ဝန်ထမ်းများအတွက် ထောက်ပံ့ပေးသည့် စုစုပေါင်း (၂၃၆၉၀၀၀ ကျပ်) တန်ဖိုးရှိ အောက်ဖော်ပြပါ Covid-19 ကူးစက်ရောဂါ ကာကွယ်ရေးပစ္စည်းများအား လက်ခံရရှိပါကြောင်းနှင့် ကျေးဇူးတင်ဝမ်းမြောက်ပါကြောင်း ဤမှတ်တမ်းလွှာဖြင့် မှတ်တမ်းတင်ဂုဏ်ပြုအပ်ပါသည်-

| | |
|---|---|
| Super Care Mask without polybag 50's | 140 Nos |
| Glass Face Shield | 970 Nos |
| KN95 FFP2 NR Mask 1's | 50 Nos |
| KF 94 Mask 10's | 50 Nos |
| Precare Adult Pulse Oximeter | 5 Nos |
| LifePlus Instant Hand Sanitizer 500ml | 200 Nos |
| Medilife Antiseptic Disinfectant Liquid Hygiene 500ml | 100 Nos |

အထွေထွေမန်နေဂျာ
မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း
မန်းရေနံမြေ

ရက်စွဲ၊ ၂၀၂၁-ခုနှစ်၊ စက်တင်ဘာလ ( ၁၆ )ရက်





# လူမှုတာဝန်သိလုပ်ငန်းအစီအစဉ်များနှင့် တိုးတက်မှုအခြေအနေများကို တွေ့ဆုံအသိပေးတင်ပြခြင်း

MPRL E&P ကုမ္ပဏီသည် မိမိတို့လုပ်ငန်းနှင့် နီးနွေးဆက်နွယ်သည့် သက်ဆိုင်ရာပုဂ္ဂိုလ်၊ အဖွဲ့အစည်းများနှင့် ပုံမှန်တွေ့ဆုံ၍ နှစ်ဖက်သဘောထားထင်မြင်ချက်များကို နားထောင်ဆွေးနွေးခြင်း၊ လုပ်ငန်းတိုးတက်မှု အခြေအနေများနှင့် ရှေ့ဆက်လုပ်ဆောင်သွားမည့် လုပ်ငန်းကိစ္စရပ်များကို ပုံမှန်အသိပေးတင်ပြခြင်းအား အလေးအနက်ထား ဆောင်ရွက်သည့်လုပ်ငန်း ဖြစ်သည်နှင့်အညီ ယခု ၂၀၂၁-၂၀၂၂ Contract Year ဒုတိယသုံးလပတ်ကာလတွင်လည်း တွေ့ဆုံဆွေးနွေးတင်ပြသည့်လုပ်ငန်းများကို ဆက်လက်ဆောင်ရွက်ခဲ့ပါသည်။



မန်းရေနံမြေအထွေထွေမန်နေဂျာနှင့်တွေ့ဆုံခြင်း

## ■ ဌာနဆိုင်ရာတာဝန်ရှိပုဂ္ဂိုလ်များနှင့်တွေ့ဆုံခြင်း

၂၀၂၁ ခုနှစ် ဇူလိုင်လအတွင်းတွင် CSR လုပ်ငန်းအဖွဲ့ဝင်များသည် မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း (MOGE)၊ မန်းရေနံမြေအထွေထွေမန်နေဂျာ ဦးခွန်မျိုးသန့်နှင့် သွားရောက်တွေ့ဆုံပြီး MPRL E&P ၏ ရှေ့ဆက်လုပ်ဆောင်မည့် CSR လုပ်ငန်းအစီအစဉ်များကို ရှင်းလင်းတင်ပြခဲ့ပါသည်။ MOGE နှင့် MPRL E&P ၏ CSR လုပ်ငန်းကဏ္ဍများ၊ ဒေသခံများမှ တင်ပြလာသော အကြံပြုဆွေးနွေးခြင်း အစီအစဉ် (OGM) ကဏ္ဍများ အဆင်ပြေချောမွေ့စွာ သတ်မှတ်ရက်အတွင်း ပြန်လည်ဖြေရှင်းပေးနိုင်ရန် MOGE အနေဖြင့် လိုအပ်လျက်ရှိသော လုပ်ငန်းညှိနှိုင်းရေးမှူး(Coordinator) တစ်ဦး သတ်မှတ်တာဝန်ပေးရန်လည်း အကြံပြုတင်ပြခဲ့ပါသည်။ ထို့အပြင် မန်းရေနံမြေထိစပ်ဒေသတဝိုက် ကိုဗစ်-၁၉ ကူးစက်ရောဂါ ကာကွယ်ထိန်းချုပ်ရေးနှင့်ပတ်သက်၍ လုပ်ဆောင်မည့် အသိပညာပေးအစီအစဉ်များကိုလည်း တင်ပြခဲ့ပြီး မန်းရေနံမြေအထွေထွေမန်နေဂျာမှ သက်ဆိုင်ရာဌာနများ၏ ခွင့်ပြုချက်ရရှိနိုင်ရေးကို ဆက်လက်တင်ပြခဲ့ပါသည်။



မင်းဘူးမြို့နယ်စိုက်ပျိုးရေးဦးစီးဌာနဦးစီးမှူးနှင့်တွေ့ဆုံခြင်း

CSR လုပ်ငန်းအဖွဲ့ဝင်များသည် မင်းဘူးမြို့နယ်စိုက်ပျိုးရေးဦးစီးဌာနဦးစီးမှူးနှင့်တွေ့ဆုံ၍ Farmer Field School အစီအစဉ်အကောင်အထည်ဖော်ရန် ဆွေးနွေးခဲ့သည့်အပြင် မန်းရေနံမြေထိစပ်ဒေသများအတွက် ရှေ့ဆက်လုပ်ဆောင်မည့် စိုက်ပျိုးရေးကဏ္ဍများတွင် စိုက်ပျိုးရေးဦးစီးဌာနနှင့် MPRL E&P ၏ CSR အစီအစဉ်တို့ ပူးပေါင်းဆောင်ရွက်မည့် အခြေအနေများကိုလည်း ဆွေးနွေးခဲ့ကြပါသည်။ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနသို့ တာဝန်ကျသော ဦးစီးမှူးအသစ်နှင့်လည်း CSR ကွင်းဆင်းဝန်ထမ်းများ သွားရောက်တွေ့ဆုံမိတ်ဆက်ခဲ့ပြီး ရှေ့ဆက်လုပ်ဆောင်မည့် စိုက်ပျိုးရေးအစီအစဉ်များနှင့်ပတ်သက်၍ ဆွေးနွေးတိုင်ပင်ခဲ့ပါသည်။

## ■ မန်းရေနံမြေဒေသခံများနှင့်တွေ့ဆုံခြင်း

MPRL E&P ၏ CSR လုပ်ငန်းအဖွဲ့ဝင်များသည် ယခုဒုတိယသုံးလပတ်ကာလအတွင်း မန်းရေနံမြေထိစပ်ကျေးရွာ (၁၄) ရွာမှ ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးကော်မတီများ၊ ဒေသခံစေတနာ့ဝန်ထမ်းများနှင့် ဆက်သွယ်၍ ၂၀၂၀-၂၀၂၁ Contract Year အတွင်း ဆောင်ရွက်ပြီးစီးခဲ့သော CSR လုပ်ငန်းများကို ပြန်လည်သုံးသပ်ခြင်း၊ လက်ရှိ ၂၀၂၁-၂၀၂၂ Contract Year တွင် ဆောင်ရွက်ပြီးစီးသည့် လုပ်ငန်းအချို့ကို အသိပေးတင်ပြခြင်းနှင့် ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်အတွင်း လုပ်ဆောင်နိုင်မည့် အခြေခံပညာကျောင်းနှင့် ဒေသဆိုင်ရာ အခြေခံအဆောက်အဦ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများကို ကြိုတင်ပြင်ဆင်သည့်အနေဖြင့် ဒေသခံများ၏လိုအပ်ချက်များကို အတူတကွဆန်းစစ်ဖော်ထုတ်ခြင်းများ ဆောင်ရွက်ခဲ့ပါသည်။ ထို့အပြင် သက်ဆိုင်ရာကျေးရွာများမှ ကျောင်းအုပ်ဆရာမကြီးများ၊ ကျေးရွာအုပ်ချုပ်ရေးမှူးများနှင့် တွေ့ဆုံ၍ စာသင်ကျောင်းများနှင့် ကျေးရွာများ၌ လိုအပ်သည့် အရာများအကြောင်းကိုလည်း ဆွေးနွေးတိုင်ပင်ခဲ့ပါသည်။ ■





မယ်ဘော့ကုန်းကျေးရွာကျောင်းအုပ်ဆရာမကြီးနှင့်တွေ့ဆုံခြင်း



နန်းဦးကျေးရွာစေတနာ့ဝန်ထမ်းနှင့်တွေ့ဆုံခြင်း



လက်ပံတောကျေးရွာအုပ်ချုပ်ရေးမှူးနှင့်တွေ့ဆုံခြင်း

# MPRL E&P ၏ အကြံပြုဆွေးနွေးခြင်းလုပ်ငန်းစဉ်

MPRL E&P တွင် အကြံပြုဆွေးနွေးခြင်းလုပ်ငန်းစဉ်သည် လုပ်ငန်းဆောင်ရွက်ခြင်း၏ သက်ရောက်မှုများကို ထိခိုက်ခံစားရနိုင်သည့် ဒေသခံများအတွက် ပြန်လည်ကုစားရေးဆိုင်ရာ လုပ်ငန်းတစ်ရပ်ဖြစ်ပါသည်။ မိမိတို့လုပ်ငန်းလုပ်ကိုင်ဆောင်ရွက်မှုကြောင့် ဒေသခံများ၏ လူမှုဘဝတွင် နစ်နာမှုနှင့် အငြင်းပွားမှုများရှိလာပါက ဖြစ်စဉ်နှင့်ပတ်သတ်၍ စနစ်တကျလက်ခံခြင်း၊ လေ့လာစုံစမ်းခြင်း၊ တုံ့ပြန်ဆောင်ရွက်ခြင်းနှင့် ဖြေရှင်းမှုပြီးစီးပိတ်သိမ်းခြင်းဟူသည့် လုပ်ငန်းများကို မျှတစွာဖြင့် အချိန်မှန်ဖြေရှင်း ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းစဉ်တစ်ခု ဖြစ်ပါသည်။


အကြံပြုဆွေးနွေးခြင်းလုပ်ငန်းစဉ်ကို စီမံခန့်ခွဲသည့်စနစ်သည် လုပ်ငန်းဆက်စပ်လုပ်ကိုင်သူများနှင့် ဦးစွာပထမ ထိတွေ့ဆွေးနွေးမှုကို အခြေခံနိုင်ရန် ရည်ရွယ်ထားကာ လက်တုံ့ပြန်နိုင်သည့် မည်သည့်အခြေအနေမျိုးကိုမဆို ကာကွယ်နိုင်မည့် ပုံစံတစ်ခုလည်းဖြစ်ပါသည်။ အကြံပြုဆွေးနွေးခြင်းလုပ်ငန်းစဉ် (Operational Grievance Mechanism – OGM) ကို မန်းရေနံမြေတွင် လုပ်ငန်းလုပ်ကိုင်ဆောင်ရွက်နိုင်မည့် အဓိကကျသည့် လုပ်ငန်းတစ်ခုအနေဖြင့်လည်း မှတ်ယူဆောင်ရွက်လျက်ရှိပါသည်။

မန်းရေနံမြေကို အဓိကစီမံခန့်ခွဲလုပ်ကိုင်လျက်ရှိသည့် မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း (MOGE) နှင့် အနီးကပ်ထိတွေ့ဆောင်ရွက်လျက်ရှိသည့် MPRL E&P အနေဖြင့် ဒေသခံများ၏ မည်သည့်နစ်နာမှုများကိုမဆို အကြံပြုဖော်ထုတ်လာပါက အချိန်တိုအတွင်း အမြန်ဆုံးဖြေရှင်းနိုင်ရန် ရည်ရွယ်ပါသည်။ နစ်နာမှုအတိမ်အနက်ပေါ်မူတည်၍ အခက်အခဲအမျိုးအစားအလိုက် သတ်မှတ်ဖော်ထုတ်မည်ဖြစ်ကာ ချက်ခြင်းဖြေရှင်းဆောင်ရွက်ရန်လိုအပ်သည့် ကိစ္စရပ်တိုင်းအတွက် အကြံပြုတင်ပြလာသူကို တင်ပြပြီးပြီးချင်း (၂၄) နာရီအတွင်း (ဖြစ်ခဲ့ပြီး မိမိတို့ ဖြေရှင်းပေးနိုင်သည့် အတိုင်းအတာအတွင်းရှိသည့်) အချို့ကိစ္စရပ်များအတွက် အသေးစိတ်စုံစမ်းရန်နှင့် ဖြေရှင်းဆောင်ရွက်နိုင်ရန် လိုအပ်သည့် အများဆုံးရက်ပေါင်း (၃၀)အတွင်း တုံ့ပြန်ဖြေရှင်းနိုင်ရန် ဆောင်ရွက်ထားပါသည်။

၂၀၂၀-၂၀၂၂ Contract Year ဒုတိယသုံးလပတ်ကာလအတွင်း မန်းရေနံမြေနှင့် ထိစပ်ကျေးရွာများတွင် နေထိုင်ကြသည့် ဒေသခံများအနေဖြင့် ကုမ္ပဏီ၏လုပ်ငန်းလုပ်ကိုင်ဆောင်ရွက်မှုကြောင့် ဖြစ်ပေါ်လာသည့်အကျိုးဆက် (သို့) သက်ရောက်မှု၊ နစ်နာမှုတစ်စုံတစ်ရာရှိကြောင်း အကြံပြုစာပေးပို့မှု (၃) စောင်ရှိပါသည်။ သို့ဖြစ်၍ (၂၀၁၄) ခုနှစ်မှ ယနေ့အထိပေးပို့လာသော အကြံပြုစာအရေအတွက်စုစုပေါင်း (၁၄၃) စောင်ရှိပြီး အဆိုပါအကြံပြုချက်များကို ဖြေရှင်းဆောင်ရွက်ရန် သတ်မှတ်ကာလအတွင်း ပြီးပြတ်အောင် ဖြေရှင်းဆောင်ရွက်ခဲ့ပါသည်။ ၂၀၁၄ ခုနှစ်မှ စတင်၍ မန်းရေနံမြေတွင် အကောင်အထည်ဖော်ဆောင်ရွက်ခဲ့သည့် အကြံပြုဆွေးနွေးခြင်း လုပ်ငန်းစဉ်နှင့်စပ်လျဉ်း၍ လုပ်ငန်းစဉ်အပေါ် ကျေနပ်မှု ၁၀၀ ရာခိုင်နှုန်းရှိပြီး ဖြေရှင်းဆောင်ရွက်ခဲ့သည့်ရလဒ်အပေါ် ကျေနပ်မှု ၉၈ ရာခိုင်နှုန်း ရရှိပြီးဖြစ်ပါသည်။ ■

| | |
|---|---|
| ၁၄၃ | အကြံပြုဆွေးနွေးတင်ပြမှု |
| ၁၄၃ | ဆွေးနွေးတင်ပြချက်အပေါ် ဖြေရှင်းဆောင်ရွက်မှု |
| ၇ | အကြောင်းပြန်ကြားရန် အချိန်ကာလသတ်မှတ်ချက် (ပျမ်းမျှ ၁၄ အတွင်း) |
| ၉ | ဖြေရှင်းဆောင်ရွက်ပြီးစီးရမည့် အချိန်ကာလ သတ်မှတ်ချက် (ပျမ်းမျှရက်ပေါင်း ၃၀ အတွင်း) |
| ၁၀၀ | လုပ်ငန်းစဉ်အပေါ် ကျေနပ်မှုရာခိုင်နှုန်း သတ်မှတ်ချက် (၅၀ ရာခိုင်နှုန်း) |
| ၉၈ | ရလဒ်အပေါ် ကျေနပ်မှုရာခိုင်နှုန်းသတ်မှတ်ချက် (၅၀ ရာခိုင်နှုန်း) |
| ၁ | ဖြေရှင်းဆောင်ရွက်ရန် အသိပေးကာလ သတ်မှတ်ချက် (ပျမ်းမျှ ၁ ရက်မှ ၃ ရက်) |


*အကြံပြုဆွေးနွေးခြင်းလုပ်ငန်းစဉ်ဆိုင်ရာ အရေးကြီးစွမ်းဆောင်ရည်ပြ အညွှန်းကိန်းများ (၂၀၂၁ ခုနှစ်၊ စက်တင်ဘာလ)*




*လက်ခံရရှိပြီး ပိတ်သိမ်းခဲ့သော အကြံပြုချက်များ (၂၀၁၄ ခုနှစ် စက်တင်ဘာလ – ၂၀၂၁ ခုနှစ် စက်တင်ဘာလ)*



# ပြန်ကြားဆက်သွယ်ခြင်းလုပ်ငန်းများအတွက် သတင်းလွှာ၊ စာစောင်နှင့် သုံးလပတ်အစီရင်ခံစာများထုတ်ဝေခြင်း



MPRL E&P သည် မန်းရေနံမြေဆိုင်ရာ လုပ်ငန်းဆောင်ရွက်ချက်များကို သက်ဆိုင်ရာလုပ်ငန်း ဆက်စပ်လုပ်ကိုင်သူများ သိရှိနားလည်ပြီး ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းများတွင် ပူးပေါင်းပါဝင်ဆောင်ရွက်နိုင်ရန် ရည်ရွယ်၍ လအလိုက် CSR လုပ်ငန်းဆောင်ရွက်ချက်များကို စာရင်းစာပြုစုပြီး ကျေးရွာ (၁၄) ရှိ ကြော်ငြာသင်ပုန်းများတွင် ဒေသခံများ ဖတ်ရှုနိုင်ရန် ၂၀၁၉ ခုနှစ် ဧပြီလမှ စတင်၍ လစဉ်အစီရင်ခံတင်ပြခဲ့ပါသည်။

MPRL E&P ၏ CSR & Communications ဌာနသည် မန်းရေနံမြေဒေသခံများအနေဖြင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အသက်မွေးဝမ်းကျောင်း အထောက်အကူပြု လုပ်ငန်းများအတွက် သတင်းအချက်အလက်များနှင့် မန်းရေနံမြေဒေသဆိုင်ရာ သိရှိနားလည်သင့်သည်များကို ပိုမိုလက်လှမ်းမီသိရှိနိုင်ရန် ရည်ရွယ်၍ ၂၀၂၁-၂၀၂၂ Contract Year ပထမသုံးလပတ်မှ စတင်ကာ "တို့မန်းမြေ" စာစောင်ကို မြန်မာဘာသာဖြင့် သုံးလတစ်ကြိမ် ပြောင်းလဲထုတ်ဝေလျက်ရှိပါသည်။ "တို့မန်းမြေ" စာစောင်ကို မန်းရေနံမြေဒေသခံများနှင့် လုပ်ငန်းဆက်စပ်လုပ်ကိုင်သူများထံ ပုံမှန်ပေးပို့အစီရင်ခံရန် စီစဉ်ထားပြီး စာစောင်နှင့်ပတ်သက်၍ အကြံပြုစာလွှာများလည်း ဖိတ်ခေါ်လျက်ရှိပါသည်။

ထို့အပြင် မန်းရေနံမြေဒေသလူမှုတာဝန်သိလုပ်ငန်းဆောင်ရွက်ချက်များအပြင် MPRL E&P ကုမ္ပဏီအုပ်စု၏ အခြားသော တိုးတက်အောင်မြင်မှုအခြေအနေများကို အင်္ဂလိပ်ဘာသာဖြင့် သုံးလတစ်ကြိမ် ပုံမှန်စီစဉ်ထုတ်ဝေသည့် Insight! Newsletter တွင်လည်း အစီရင်ခံတင်ပြလျက်ရှိရာ ၂၀၂၁ ခုနှစ် စက်တင်ဘာလတွင် Insight! Newsletter စာစောင် အမှတ် (၂၈) ကို ထုတ်ဝေခဲ့ပြီးဖြစ်ပါသည်။




*Insight! Newsletter*
*စာစောင် အမှတ် (၂၈)*

အလားတူ MPRL E&P ၏ CSR လုပ်ငန်းဆောင်ရွက်ချက်များနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာအစိုးရအဖွဲ့အစည်းများနှင့် လုပ်ငန်းဆက်စပ်လုပ်ကိုင်သူများ သိရှိစေရန် CSR လုပ်ငန်းဆောင်ရွက်ချက်ဆိုင်ရာ သုံးလပတ်အစီရင်ခံစာနှင့် မန်းရေနံမြေ၏ အကြံပြုဆွေးနွေးခြင်းလုပ်ငန်းဆိုင်ရာ သုံးလပတ်အစီရင်ခံစာနှင့် မန်းရေနံမြေ၏ အကြံပြုဆွေးနွေးခြင်းလုပ်ငန်းဆိုင်ရာ သုံးလပတ်အစီရင်ခံစာများကို ပုံမှန်ရေးသားထုတ်ဝေလျက်ရှိပါသည်။

ထို့အပြင် ၂၀၂၁-၂၀၂၂ Contract Year ၏ ပထမခြောက်လပတ် CSR လုပ်ငန်းဆောင်ရွက်ချက်အစီရင်ခံစာကို အင်္ဂလိပ်ဘာသာဖြင့် အစီရင်ခံတင်ပြခြင်း၊ ဒုတိယသုံးလပတ် CSR လုပ်ငန်းဆောင်ရွက်ချက် အစီရင်ခံစာကို မြန်မာဘာသာဖြင့် အစီရင်ခံတင်ပြခြင်းများလည်း ဆောင်ရွက်ခဲ့ပါသည်။ ■



*မန်းရေနံမြေ၏*
*အကြံပြုဆွေးနွေးခြင်း*
*လုပ်ငန်းဆိုင်ရာ*
*သုံးလပတ်အစီရင်ခံစာ*



*၂၀၂၁-၂၀၂၂ Contract Year တွင်*
*သုံးလတစ်ကြိမ် ပုံမှန်ထုတ်ဝေလျက်ရှိသည့်"တို့မန်းမြေ" စာစောင်များ*




*CSR လုပ်ငန်းဆောင်ရွက်ချက်ဆိုင်ရာ သုံးလပတ်အစီရင်ခံစာ*

# စွန့်ပစ်အမှိုက်စီမံခန့်ခွဲရေးလုပ်ငန်း ဆောင်ရွက်ခြင်း

လူမှုတာဝန်သိစီးပွားရေးလုပ်ငန်းတစ်ရပ်အဖြစ် ခံယူထားသော MPRL E&P ကုမ္ပဏီသည် မိမိတို့လုပ်ငန်းလုပ်ကိုင်ရာဒေသတွင်း သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ စွန့်ပစ်အမှိုက်ကင်းစင်ရေးနှင့် ဒေသပတ်ဝန်းကျင် သာယာလှပရေးအတွက် အစဉ်ကြိုးပမ်းဆောင်ရွက်လျက်ရှိပါသည်။ ယင်းသို့ကြိုးပမ်းမှုအနေဖြင့် MPRL E&P CSR အစီအစဉ်သည် မင်းဘူး (စကု) မြို့နယ် စည်ပင်သာယာနယ်နမိတ်အတွင်း ပါဝင်ခြင်းမရှိသည့် မန်းရေနံမြေထိစပ်ကျေးရွာများ၌ ကိုယ့်အားကိုယ်ကိုးအမှိုက်သိမ်းစနစ်တစ်ခု အကောင်အထည်ပေါ်လာစေရန် စနစ်တကျမတည်ပံ့ပိုးလျက်ရှိပါသည်။







၂၀၂၀-၂၀၂၂ Contract Yean ဒုတိယသုံးလပတ်အတွင်း အမှိုက်သိမ်းဝန်ဆောင်မှုပေးလျက်ရှိသည့် မန်းရေနံမြေထိစပ်ကျေးရွာများ၏ လုပ်ငန်းဆောင်ရွက်မှု အခြေအနေများကို စောင့်ကြည့်လေ့လာခြင်း



မန်းရေနံမြေထိစပ်ကျေးရွာများမှ စေတနာ့ဝန်ထမ်းများနှင့် တွေ့ဆုံ၍ အမှိုက်သိမ်းစနစ်လုပ်ငန်းနှင့်ပတ်သတ်သော အခြေအနေများဆွေးနွေးခြင်း

ဒေသခံများဦးဆောင်သော ကိုယ့်အားကိုယ်ကိုး အမှိုက်သိမ်းစနစ် ရေရှည်တည်တံ့စေရေးအတွက် အမှိုက်သယ်ယူရမည့် အမှိုက်သိမ်းယာဉ် အချိန်မှန်လာရောက်မှု ရှိ၊ မရှိ၊ ကျေးရွာများဘက်မှ ပေးဆောင်ရမည့် ဝန်ဆောင်ခကို အချိန်မှန်ပေးဆောင်မှု ရှိ၊ မရှိ၊ အမှိုက်သိမ်းဝန်ဆောင်မှုအပေါ် ဒေသခံများ၏အမြင် စသည်တို့ကို CSR ဌာနတာဝန်ရှိသူများနှင့် ဒေသခံစေတနာ့ဝန်ထမ်းများ ပုံမှန်တွေ့ဆုံ၍ အမှိုက်သိမ်းစနစ် လုပ်ငန်းလည်ပတ်မှုအပေါ် စဉ်ဆက်မပြတ်လေ့လာစောင့်ကြည့်လျက်ရှိပါသည်။



ထိုအတောအတွင်း ၂၀၂၁ ခုနှစ် စက်တင်ဘာလ စတုတ္ထပတ်ကာလတွင် လက်ပံတောကျေးရွာ၏ ကျေးရွာအုပ်ချုပ်ရေးမှူး၊ ဖွံ့ဖြိုးရေးကော်မတီ၊ စေတနာ့ဝန်ထမ်းများနှင့် တွေ့ဆုံပြီး ကျေးရွာတွင်း အမှိုက်သိမ်းအစီအစဉ်နှင့် ယင်းအစီအစဉ်နှင့်ဆက်စပ်သည့် အခက်အခဲများအကြောင်းကို ဆွေးနွေးခြင်းနှင့် လက်ပံတောကျေးရွာနေ အိမ်ထောင်စုများ၏ အမှိုက်သိမ်းစနစ်အပေါ် သဘောထားအမြင်များ သိရှိနိုင်ရန် အိမ်ထောင်စုများအလိုက် စစ်တမ်းကောက်ယူမေးမြန်းခြင်းများလည်း ဆောင်ရွက်ခဲ့ပါသည်။ ■





လက်ပံတောကျေးရွာ၌ အမှိုက်သိမ်းစနစ်အပေါ် သဘောထားစစ်တမ်းကောက်ယူခြင်း










Trash Hero Minbu ၏ အမှိုက်ကောက်လှုပ်ရှားမှုများ


နမ္မဒါ
Nammadar
မြန်မာ့ချည်အိတ်နှင့်
ချည်ထည်
Myanmar Cotton Bags & Clothes
SUPPORTING OUR COMMUNITY
BUY LOCAL
Products of Mann Field Communities
Contact Us
Call : +95 9 683 305 257
Email : nammadar.culturalgifts@gmail.com


MAY NANT THAR
Handmade Facial & Body Soap
Product of Mann Field Communities
Hand Gel